**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၅ /၂၀၁၈)**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုသည့်ပစ္စည်းများ၏ လိုင်စင်များ သက်တမ်းတိုးလျှောက်ထားခြင်းများအတွက် သက်တမ်းတိုးကြေးနှင့် ပို့ကုန်/သွင်းကုန်လိုင်စင်ပါအချက်များ ပြင်ဆင်ခြင်းများအတွက် ပြင်ဆင်ကြေးများကို အပိုဒ်(၂) ပါအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်သို့ပေးသွင်းရန်သတ်မှတ်ထားသည့် ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုသည့်လိုင်စင်များ သက်တမ်းတိုးမြှင့်ကြေးနှင့် ပို့ကုန်/သွင်းကုန်လိုင်စင်ပါအချက်များ ပြင်ဆင်ကြေးများကို အောက်ဖော်ပြပါနှုန်းထားများအတိုင်း ၂၀၁၈ ခုနှစ်၊ဩဂုတ်လ(၁၃) ရက်နေ့မှစ၍ ပေးသွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုထားသော လိုင်စင်များအတွက် သက်တမ်းတိုးမြှင့်ကြေး

(၁) ပထမအကြိမ် သက်တမ်းတိုး(၂) လအတွက် ကျပ် ၅၀၀၀၊

(၂) ဒုတိယအကြိမ် သက်တမ်းတိုး(၁) လအတွက် ကျပ် ၅၀၀၀၊

(ခ ) ပို့ကုန်/သွင်းကုန်လိုင်စင်ပါအချက်များအား ပြင်ဆင်ပါက ပြင်ဆင်ချက်တစ်ချက်လျှင် ကျပ် ၅၀၀၀၊

**ကုန်သွယ်ရေးဦးစီးဌာန**